SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

## ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင် နောက်ဆုံးရသတင်းထုတ်ပြန်ချက်

2021 ခုနှစ် နိုဝင်ဘာလ 23 ရက်

### ရှမ်း/မြောက် သီပေါမြို့နယ် နမ့်မရေဝေကြောဒေသတွင် သတ္တုတွင်း စတင်ရန် ငွေရည်ပုလဲက စီစဉ်နေ

မန္တလေးအခြေစိုက် ငွေရည်ပုလဲ အစုစပ်ကုမ္ပဏီက သီပေါမြို့နယ် နမ့်မ ဟိုနားဖာ့ ရေဝေကြောတွင် သတ္တု တွင်း သစ် တစ်ခုစတင်ရန်ပြင်ဆင်လျက်ရှိနေသည်။ ၎င်းရေရင်းမြစ်အား အမှီပြုပြီး စိုက်ပျိုးရေးအမှုဖြင့် အသက်မွေးဝမ်း ကြောင်း ပြုနေသူ ဒေသတွင်း ရွာသူ/သား ပြည်သူလူထုက အချိန်ကာလ တစိုက်မတ်မတ် ဆန့်ကျင်ကန့်ကွက်သည့် ကြားမှလုပ်ဆောင်နေခြင်းဖြစ်သည်။

2004 ခုနှစ်ကပင် ငွေရည်ပုလဲက သတ္တုတွင်း စတင်တူးဖော်နေခြင်းဖြစ်ရာ လက်ရှိတွင် နားကွန်ကျေးရွာ နှင့် ကုန်း ပေါင်းကျေးရွာ အနီးတွင် တွင်းနှစ်ခု တူးဖော်လျက်ရှိသည်။ တူးဖော်ရေးလုပ်ငန်းကြောင့် လယ်ယာမြေများ ဆည် မြောင်း နှင့်ရေအရင်းမြစ်များ ဆုံးရှုံးပျက်စီးစေသည်သာမက ရေထု လေထုညစ်ညမ်းမှုများ ဖြစ်စေကာ လူဦးရေ ပေါင်း 3000 ကျော်တို့အား ဆိုးကျိုးခံစားခဲ့ရပြီးဖြစ်သည်။

ငွေရည်ပုလဲအား ဒေသခံများက တူးဖော်ရေးလုပ်ငန်းများ ရပ်ဆိုင်းပေးရန် ထပ်ကာထပ်ကာ မေတ္တာရပ်ခံခဲ့သည်။ 2021 ခုနှစ် ဇန်နဝါရီလ 2 ရက်နေ့တွင် နားကွန်မှ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းပေး ရေး သဘောတူညီချက်ကို ကုမ္ပဏီက ကျေးရွာသူကြီးများနှင့် လက်မှတ်ထိုးခဲ့သည်။ ဒေသတွင်းရေဝေကြောအား ကျူး ကျော်မှုများ နှင့် ထိခိုက်ပျက်စီးမှုများ မပြုလုပ်ရန်လည်း ကုမ္ပဏီကအာမခံခဲ့သည်။

သို့သော်လည်း မြန်မာစစ်တပ်မှ နိုင်ငံတော်အာဏာသိမ်းယူပြီးနောက် လေးပတ်အကြာ ဖေဖော်ဝါရီ 25 ရက်နေ့တွင် ကုမ္ပဏီက ဒေသခံရှမ်းအရာရှိများနှင့် တွေ့ဆုံကာ အရင်လက်ထက်က သဘောတူညီချက်များပျက်ပြယ်ပြီဖြစ် ကြောင်း ပြောကာ ယင်းဒေသတွင်းရှိ ကျောက်မီးသွေးများ လုံးဝမကျန်အောင် တူးဖော်မည်ဟုပြောသည်။ ကျေးရွာ သား များက ယင်းပြောဆိုချက်အား ငြင်းဆန်ကန့်ကွက်ရန် အခွင့်မသာခဲ့ပါ။

ထိုအချိန်မှစပြီး ငွေရည်ပုလဲက နမ့်မတွင်ရှိသည့် သတ္တုတွင်း ၂ - ခုစလုံး အားကုန်သုံး စတင်တူးဖော်ခဲ့သည်။ နားကွန် တွင်လည်း မြေပေါ် မြေအောက်တွင်း နှစ်ခု တိုးချဲ့တူးဖော်တာကြောင့် တွင်းလိုင်ခေါင်းအပေါ်စီးတွင် မြေအက် ကွဲမှု များပေါ်ပေါက်လျက်ရှိပြီး မြေပြိုကျမှာကို ပိုမိုစိုးရိမ်စရာ ဖြစ်လာသည်။

တူးထားသည့် ကျောက်မီးသွေးများကို ထရပ်ကားကြီးများဖြင့် နမ့်မဒေသကနေ နေ့စဉ် အခေါက် 100 ခန့် ငွေရည် ပုလဲပိုင် သကြားစက်ရုံ ၂-ရုံ (ဆင်းရွှေလီသကြားလုပ်ငန်း) နှင့် ဘိလပ်မြေစက်ရုံ (ကရောင်းဘိလပ်မြေလုပ်ငန်း) တို့တည်ရှိရာ နောင်ချိုမြို့နယ်သို့ တင်ပို့သည့်ပြင် မန္တလေးရှိ စက်ရုံများနှင့် အခြားဒေသသို့လည်း တင်ပို့သည်။

ဇူလိုင်လအတွင်းက ၃-၄ ပတ်ခန့် ကိုဗစ်-19 ထိန်းချုပ်ရန် လော့ဒေါင်းထားတာကြောင့် ကျောက်မီးသွေး တင်ပို့မှု များ ဆိုင်းငံ့ထားသော်လည်း တူးဖေါ်ရေးလုပ်ငန်းများကိုမူ ဆက်လက်ဆောင်ရွက်ခဲ့သည်။



နားကွန်ရှိ ကျောက်မီးသွေးတူးဖော်သည့်နေရာ



နားကွန်အနီးရှိ ဒေသခံ၏ လယ်ယာမြေများ

မြန်မာ့စစ်ကောင်စီပိုင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးဌာနချုပ် အား အကျိုးဆောင်ပေးသည့် မင်းရွှေလွှာ ကုမ္ပဏီ သည် နားနန်းကျေးရွာမြောက်ဘက် နမ့်မတွင်ရှိသည့် ပင်မသတ္တုတွင်းလုပ်ငန်းမှ ကျောက်မီးသွေး ထုတ်ယူမှုများ ဆက် လက်ဆောင်ရွက်ခဲ့သည်။ နမ့်မချောင်းတွင် ရေဆင်းချိုးကြသည့် ဒေသခံရွာသူရွာသားများ အဆိုအရ ရေထဲတွင် အဆိမ့်သင့်မှုပမာဏ ပိုမိုမြင့်မားလာတာ သတိပြုမိကြောင်း ပြောသည်။




နားနန်းရှိ ကျောက်မီးသွေးတူးဖော်သည့်နေရာ



ကျောက်မီးသွေးစွန့်ပစ်မြေကြောင့် နောက်ကျိနေသော ဝမ်လုံရွာအနီးရှိ နမ့်မချောင်း

အောက်တိုဘာ 14 ရက်နေ့တွင် ငွေရည်ပုလဲကုမ္ပဏီ မန်နေဂျာက နမ့်မဘုန်းကြီးကျောင်းသို့သွားရောက်ကာ ဟိုနားဖှ့ ရေဝေကြားတွင် သတ္တုတွင်းစီမံကိန်းစတင်လိုပြီဖြစ်ကြောင်း ကျောင်းထိုင်ဆရာတော်အား လျှောက်ထားလေသည်။ ကုမ္ပဏီဘက်ပါနေသည့် ဆရာတော်က အသာတကြည် သဘောတူ ခွင့်ပြုလိုက်သည်။ အောက်တိုဘာ 20 ရက်နေ့တွင် ဒေသတွင်း ရွာသူရွာသားများ ကျောင်းတက်ကုသိုလ်ပြုလုပ်နေစဉ် ဆရာတော်က ဟိုနားဖှ့ တွင် သတ္တုတွင်း စမ်းသပ်တူးဖော်ရန် ကုမ္ပဏီအား ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ပြောပြသည်။ ဒေသဆိုင်ရာ ရှမ်းအရာရှိများက သဘောတူထားပြီးသားမို့ ဆရာတော်အနေဖြင့် တူးဖော်ရေးလုပ်ငန်းကိစ္စရပ်တွေ ရပ်ခိုင်းလို့ ရတော့ မည်မဟုတ်ကြောင်း ပြောသည်။


သီပေါမြို့နယ် နမ့်မရေဝေရေလဲဒေသမှာ ကျောက်မီးသွေးမိုင်းအသစ်တူးဖော်သည့်နေရာပြမြေပုံ




နားကွန်ခွင်တွင် ကျောက်မီးသွေးများ ကုန်ခန်းသွားလျှင် ပိန်းဆိုင်းကျေးရွာ၌ အသုံးမပြုသည့် ကျောက်မီးသွေး တွင်းတွင် ရေများစုတ်ထုတ်ပြီး တူးဖော်ရေးများ တဖန်စတင်မည်ဟု ဆရာတော်က ဆက်မိန့်သည်။ ပိန်းဆိုင်း ဆိုသည်မှာ ငွေရည်ပုလဲ၏ ကနဦး နမ့်မသတ္တုတွင်းများ တည်ရှိရာ အဓိက ဌာနဖြစ်ပြီး၊ 2005 မှ 2015 ခုနှစ်ထိ မြေပေါ်တူးဖော်ရေးလုပ်ငန်းကြီး တစ်ခုအဖြစ်လည်ပတ်ခဲ့သည်။ လှိုင်ခေါင်းအတွင်းရေအဆက်မပျက်စီးဝင်တာကြောင့် မြေပြိုမှုရှိခဲ့သဖြင့် တူးဖော်ရေးလုပ်ငန်းများ ရပ်တန့်ခဲ့သည်။ အသုံးမပြုသည့် တွင်းကိုပိတ်ပေးရန် ရွာသားများက ကုမ္ပဏီအား တောင်းဆိုသော်လည်း မပိတ်ခဲ့ပါ။ ထိုစဉ်မှစ၍ ၎င်းတွင်းဟောင်းလည်း ရေအိုင်ထွန်း နေခဲ့တော့သည်။

နိုဝင်ဘာလ 3 ရက်နေ့ ဒေသခံရွာသူရွာသားများကျောင်းတွင်စုဝေးနေစဉ် ကျောင်းထိုင်ဆရာတော်က ကျေးရွာသူ/သားများအား ဟိုနားဖ့ ရေဝေကြေားတွင် ငွေရည်ပုလဲကုမ္ပဏီက တူးဖေါ်ရေးလုပ်ငန်းများ မကြာခင် စတင်တော့မည်ဟုပြောသည်။

နမ့်မ၏ရေဝေရေလဲဒေသတွင်ကျောက်မီးသွေးမိုင်း အသစ်တူးဖော်မှုကြောင့်ထိခိုက်နိုင်မည့်ဧရိယာပြမြေပုံ




ဟိုနားဖ့တောင်ကုန်းဒေသသည် နမ့်မအုပ်စုတစ်ခွင်လုံးအတွက် အဓိကရေဝင်ကြောကြီး ဖြစ်တာကြောင့် မည်သည့် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကိုမှ သစ်ပင်ခုတ်လှဲခြင်း လယ်ယာလုပ်ခြင်းများ ခွင့်မပြုပဲ ဆွေစဉ်မျိုးဆက် ပေါင်းများစွာ ထိမ်းသိမ်းလာခဲ့သည့် ဒေသခံအများပိုင် အမွေအနှစ်သစ်တောအုပ်ဖြစ်သည်။ ဟိုနားဖ့မှ စီးဆင်း လာသည့် ရေချောင်းသည် ဧကရာပေါင်းများစွာသော လယ်စိုက်ခင်းများ အတွက် ဖြစ်ပြီး နမ့်မကျေးရွာသူ/သား လယ်ယာသမား တို့ သမာအာဇီဝ အသက်မွေးဝမ်းကြောင်းပြုမှု၌ အလွန်ပင်အရေးပါလှသည်။

2009 ခုနှစ်တွင် ငွေရည်ပုလဲက ဟိုနားဖ့၌ တူးဖေါ်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖေါ်ဖို့ ကြိုးစားခဲ့သေးသော်လည်း ဒေသခံလူထုခေါင်းများက ဆန့်ကျင်တားဆီးနိုင်ခဲ့ကြသည်။ သို့သော်လည်းပဲ 2012 ခုနှစ် ဧပြီလမှ စတင်၍ ကုမ္ပဏီက မသိမသာရေဝင်ကြားခွင်တွင် တူးဖေါ်ရေးများ လုပ်ဆောင်ခဲ့သည်။ တူးထားသည့် ကျောက် မီးသွေးများမှာ ထရပ်ကားစီးရေအားဖြင့် 25 စီးခန့်ပင်ရှိပြီး ဒေသခံရွာသားများ၏ တိုင်တန်း အကူအညီတောင်းခံမှုအရ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်က ရပ်ဆိုင်းစေခဲ့သည်။

မြန်မာစစ်တပ်က နိုင်ငံတော်အာဏာသိမ်းယူမှုကို အခွင့်ကောင်းယူပြီး ငွေရည်ပုလဲသည် ရေရှည်စီမံကိန်းအရ ဒေသခံ ပြည်သူများအဖို့ ကျန်းမာရေး အသက်မွေးဝမ်းကြောင်း ဒါမှမဟုတ် ဒေသတွင်းဂေဟစနစ် မည်သို့ပင် ဆိုးရွားနေပါစေ မည်သို့သောဆိုးကြိုးမှုမျိုး ရှိနေပါစေ ဆိုသည့်သဘောဖြင့် နမ့်မဒေသတွင်းရှိ ကျောက်မီးသွေးများ လုံးဝ ကုန်စင် အောင်ထုတ်ယူအမြတ်ထုတ်မည်မှာ ထင်ရှားလှပေသည်။

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင် အနေဖြင့် ငွေရည်ပုလဲကုမ္ပဏီက ဒေသခံပြည်သူတို့၏ ဆန္ဒကိုအလေးထားရန်၊ နမ့်မ ဒေ သတွင်း သတ္တုတူးဖော်ရေးလုပ်ငန်းများအားလုံး ချက်ချင်းရပ်ဆိုင်းပေးရန်၊ တူးဖော်ရေး စက်ပစ္စည်း ကရိယာ များ အားလုံး နှင့် ဝန်ထမ်းလုပ်သားများအားလုံး ဆောလျင်စွာ ရုတ်သိမ်းပေးပါရန်တောင်းဆိုသည်။

**အာဏာမသိမ်းမီ ဒေသခံကျေးရွာခေါင်းဆောင်များနှင့် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည့်ငွေရည်ပုလဲ**

(ရှမ်းမူမှ ဘာသာပြန်သည်)

2021 ခုနှစ်၊ ဇန်နဝါရီလ 2 ရက်

2021 ခုနှစ်အတွင်း ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးရန်

ငွေရည်ပုလဲ ကုမ္ပဏီ၏ သဘောတူညီချက် (နားကွန်- ကုန်းပေါင်း တူးဖော်ရေးလုပ်ငန်းခွင်)

ဇန်နဝါရီလ မှ ဇွန်လ အထိ

1. **ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးရန် ငွေ**

(က) နမ့်မအတွက် လျာထားချက် ရန်ပုံငွေ ကျပ်ငွေ 100,000,000

(ခ) ကျေးရွာအုပ်စုအတွက် လျာထားချက် ရန်ပုံငွေ ကျပ်ငွေ 10,000,000

2. **သဘောတူညီချက်**

၁။ သဘောတူညီချက် လက်မှတ်ရေးထိုးသည့် နေ့မှစ၍ ကုမ္ပဏီက တူးဖော်ရေးလုပ်ငန်းများ ချောမွေ့စွာ ဆောင်ရွက်မည်။

၂။ ဒေသခံလယ်ယာသမားတို့၏ လယ်ယာမြေများအား ထိခိုက်နစ်နာမှုမရှိစေပဲ 2021 ခုနှစ် ဇန်နဝါရီလ မှ ဇွန်လအထိ ခွင့်ပြုချက်ရထားသော ဒေသ၌သာ တူးဖော်ရေးလုပ်ငန်းများပြန်လည်လုပ်ကိုင်မည်။

၃။ ကွဲအက်ခြင်း/ပျက်စီးခြင်းများရှိလျှင် လယ်ယာမြေများအား 2021 ခုနှစ် ဧပြီလအတွင်း၌ ပြီးစီးအောင် ပြန်လည်ပြုပြင် မွမ်းမံ ပေးရမည်။

၄။ ကုမ္ပဏီက ရေလယ်ကျွန်း/ကုန်ကန်အား 2021 ခုနှစ် ဧပြီလအတွင်း၌ ပြီးစီးအောင် ပြန်လည်ပြုပြင် မွမ်းမံ ပေးရမည်။ သဘောတူညီချက်အရ ပျက်ကွက်ပါက ကျပ်ငွေ သန်းတစ်ရာ (100,000,000) တိတိ နစ်နာကြေး ပေးဆောင်ရမည်။ နမ့်မကော်မီတီမှတစ်ဆင့် သင့်တော်ရာ အလုပ်သမားငှါးရမ်း ဆောင်ရွက်မည်။ (မှတ်ချက်။ ကုန်ကန် ဆိုသည်မှာ “ရေလယ်ကျွန်း” ဟု အဓိပ္ပါယ်ရပြီး နမ့်မချောင်းအတွင်း၌တည်ရှိရာ ပိန်းဆိုင်းတူးဖော်ရေးခွင်မှ အမှိုက်များ စွန့်ပစ်ထားခဲ့ရာ ကျွန်းကိုရည်ညွှန်းသည်။)

၅။ ကျိုးပျက်သွားသည့် တာတမံကို 2021 ခုနှစ် ဧပြီလ အတွင်းအပြီးစီး ပြုပြင်ပေးရမည်။ သဘောတူညီချက်အရ ပျက်ကွက်ပါက တာတမံပြုပြင်ရန် ကျပ်ငွေ သန်းတစ်ရာ (100,000,000) တိတိ လျော်ကြေး ပေးဆောင်ရမည်။

၆။ တူးဖော်ရေးလုပ်ငန်းအတွက် ခွင့်ပြုချက်ပေးထားသည့်နေရာမှ အပ စိုက်ပျိုးရေးခြံမြေ နှင့် ရေဝင်ကြောဒေသများအား ကျူးကျော်မှု မပြုလုပ်ရ။ ခွင့်ပြုချက်မပေးထားသော ဧရိယာတွင် ထိခိုက်ပျက်စီးစေလျှင် ကုမ္ပဏီမှ ကျပ်ငွေတန်ဘိုး 1 ဘီလီယံ (1,000,000,000) တိတိ လျော်ကြေးပေးဆောင်ရမည်။

၇။ ဇွန်လကုန်မှ ကုမ္ပဏီက ရပ်သိမ်းမှု မပြုပဲ ဆက်လက်တူးဖော်ရေးလုပ်ကိုင်နေလျှင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ထပ်မံ၍ ကျပ်ငွေသန်းငါးရာ (500,000,000) တိတိ ထည့်ဝင်ရမည်။

၈။ စုစုပေါင်း ကျပ်ငွေတန်ဘိုး သန်းတစ်ရာ့တစ်ဆယ် (110,000,000) ကျပ်တိတိကို ဒေသခံရွာသူ/သားများအားကူညီရန်အတွက် တောင်သူဦးကြီးများမှတစ်ဆင့် ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပေးအပ်ရမည်။

**ငွေရည်ပုလဲ ကုမ္ပဏီမှ တာဝန်ခံပုဂ္ဂိုလ် လက်မှတ်များ**

| နံပါတ် | နာမည် | အလုပ်တာဝန် |
|---|---|---|
| 1. | ဦးရီချဲန်း | လောင်းပန်း သူဌေး ကိုယ်စား |
| 2. | စိုင်းမောင် | မန်နေဂျာ |
| 3. | လုံးကျော်ခိုင် (မိုင်းရယ်) | |

**ဆက်သွယ်ရန်**


စိုင်းဟော်ရှဲန် +66 94-728-6696 (ရှမ်း၊ အင်္ဂလိပ်)

စိုင်းရွက်လွင် +66: 97-173-1530 (ရှမ်း၊ မြန်မာ)